ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org


## အရပ်ဖက်အဖွဲ့အစည်းများက ကုလသမဂ္ဂအဖွဲ့များအား စစ်အာဏာသိမ်းအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှုများကို ရပ်တန့်ရန် တောင်းဆိုချက်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့

တရားမဝင် အာဏာသိမ်းထားသည့် မြန်မာ စစ်အာဏာရှင်အဖွဲ့ကို တရားဝင်မှုပေးရာရောက်သည့် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို ရပ်တန့်ရန် ကမ္ဘာတစ်ဝန်းမှ အရပ်ဖက်အဖွဲ့အစည်းပေါင်း ၂၅၅ဖွဲ့က ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ရန်ပုံငွေအဖွဲ့များ၊ အစီအစဉ်များနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများအား ဒီဇင်ဘာ ၁၀ ရက်နေ့တွင် တောင်းဆိုခဲ့ပါသည်။ စစ်အာဏာသိမ်းအဖွဲ့က မြန်မာလူထုအား ကြီးမားသော ဆင်းရဲဒုက္ခများကို ဆက်လက်ခံစားရအောင် ဖန်တီးလျက်ရှိပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခွင့်အရေး ချိုးဖောက်ခံရမှု အခြေအနေများကို ပိုမိုဆိုးရွားစေသဖြင့် စစ်အာဏာသိမ်းအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခြင်းနှင့် ၎င်းတို့၏ကိုယ်စားလှယ်များကို အစည်းအဝေးများ ဖိတ်ကြားခြင်း အပါအဝင် ပူးပေါင်း ဆောင်ရွက်မှုအားလုံးကို ရပ်တန့်ရမည် ဖြစ်ပါသည်။

ဤတောင်းဆိုချက်သည် ၂၀၂၁ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် "လူသားချင်းစာနာမှု လုပ်ငန်းများသည် ပြည်သူများအား အန္တရာယ်ပေးနေသည့် စစ်အာဏာသိမ်းအဖွဲ့၏ အကျိုးစီးပွားများကို ပံ့ပိုးခြင်းမရှိစေရ" ဟူသည့် လူသားချင်းစာနာကူညီရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန၏ လူသားချင်းစာနာ ကူညီမှုဆိုင်ရာ ရပ်တည်ချက် ကြေညာစာတမ်းနှင့်လည်း ကိုက်ညီဆီလျော်မှု ရှိပါသည်။ စစ်အာဏာသိမ်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို မည်သည့်နည်းလမ်းနှင့်မဆို ပြုလုပ်ခြင်းသည် ကုလသမဂ္ဂအဖွဲ့များ၏ ကျင့်ဝတ် တာဝန်များဖြစ်သည့် ဘက်မလိုက်ရေးနှင့် လူ့အခွင့်အရေးများကို ထိန်းသိမ်း စောင့်ရှောက်ရေးတို့နှင့် ဆန့်ကျင်နေသောကြောင့် မြန်မာပြည်သူများအား ကူညီထောက်ပံ့ပေးရန်အတွက် မှန်ကန်သည့် ချဉ်းကပ်မှုတစ်ရပ် မဟုတ်ပါ။ ထို့အပြင် မြန်မာပြည်သူများသည် ကုလသမဂ္ဂ အဖွဲ့များနှင့် နိုင်တကာအဖွဲ့အစည်းများ၏ လူသတ်စစ်ကောင်စီအဖွဲ့နှင့် မည်သည့်ပူးပေါင်းဆောင်ရွက်မှုမျိုးကို မဆို တစိုက်မတ်မတ် ဆန့်ကျင်လျက်ရှိသည်။

တရားမျှတစွာ ရွေးကောက်တင်မြှောက်ထားသည့် အမျိုးသားညီညွတ်ရေးအစိုးရက မြန်မာစစ် အာဏာသိမ်းအဖွဲ့အား မြန်မာနိုင်ငံ၏ အမျိုးသားဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ် ကြေညာထားပြီး ဖြစ်သည်။ မြန်မာစစ်အာဏာသိမ်းအဖွဲ့က လက်နက်မဲ့ပြီးအပြစ်ကင်းမဲ့သည့် မြန်မာပြည်သူ ပြည်သားများအပေါ် ဖေဖော်ဝါရီလကတည်းက စတင်ပြီး စစ်ပွဲတစ်ရပ်အသွင်ဆောင်ကာ အကြမ်းဖက်မှုများ ပြုလုပ်နေသော်လည်း မည်သည့် နိုင်ငံတကာ ယန္တရားကမှ ၎င်းတို့အား ထိရောက်ပြင်းထန်စွာ အရေးယူမှုမျိုး လုပ်ဆောင်နိုင်ခြင်း မရှိခဲ့သေးပါ။ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာ ၁၃ရက်အထိ စစ်တပ် သို့မဟုတ် ရဲတပ်ဖွဲ့က ဆန္ဒပြသူနှင့် ဖြတ်သွားဖြတ်လာ ပြည်သူ စုစုပေါင်း အနည်းဆုံး ၁,၃၂၉ ဦး (၎င်းတို့အနက် ၄၄ ဦး မှာ ကလေး သူငယ်များဖြစ်သည်။)ကို သတ်ဖြတ်ခဲ့ကြပြီး အနည်းဆုံးလူပေါင်း ၇,၉၈၈ ဦးမှာ ထိန်းသိမ်းခံထားရသည်။

ထို့အပြင် ယခုနှစ် ဧပြီလက အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာတွင်ပြုလုပ်သည့် အာဆီယံ အထူး အစည်းအဝေးတွင် သဘောတူညီခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဘုံသဘောတူညီချက်ငါးရပ်ကို အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက်

အာဆီယံအဖွဲ့၏ ကြိုးပမ်းမှုမှာလည်း ထိရောက်သည့် အပြုသဘော အကျိုး သက်ရောက်မှု မရှိခဲ့သလို စစ်အာဏာသိမ်းအဖွဲ့ ကျူးလွန်နေသည့် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အထောက်အကူမဖြစ်ခဲ့ပါ။ မြန်မာနိုင်ငံ၏ အကျပ်အတည်း သည် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာအန္တရာယ် တစ်ရပ်အဖြစ် ရောက်ရှိလာနိုင်သည်ကိုလည်း အထောက်အထားများက ပြသလျက်ရှိနေသည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၆ရက်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ အရေးပေါ် အစည်းအဝေး ဆုံးဖြတ်ချက်တွင် "မြန်မာနိုင်ငံအတွင်းမှအခြေအနေသည် ဒေသဆိုင်ရာလုံခြုံရေးအပေါ်တွင် သက်ရောက်မှု ရှိနေပြီဖြစ်ကြောင်း" ကမ္ဘာကို တပ်လှန့်ထားခဲ့ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက "ဘေးကင်းလုံခြုံ၍ အနှောက်အယှက် အတားအဆီး ကင်းမဲ့သော အလုံးစုံ လူသားချင်းစာနာမှု အကူအညီများ လိုအပ်သူအားလုံးထံသို့ ရောက်ရှိရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ နှင့် ကျန်းမာရေး ဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများအား ဘေးကင်းလုံခြုံပြီး အပြည့်အဝ ကာကွယ်ပေးရေး" အတွက် မြန်မာနိုင်ငံနှင့် စပ်လျဥ်းသည့် ကြေညာချက် တစ်ရပ်ကို နိုဝင်ဘာလ ၁၀ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် စစ်အာဏာသိမ်းအဖွဲ့သည် ကယ်ဆယ်ရေးဆောင်ရွက်မှုများကို ဝင်ရောက်စွက်ဖက်ခြင်းဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံ လူ့အခွင့်အရေးကောင်စီ၊ လုံခြုံရေးကောင်စီ၊ ဥရောပပါလီမန်နှင့် အလျှုရှင် အစိုးရများ၏ အနှောင့်အယှက် အတားအဆီးကင်းသည့် အကူအညီဖြန့်ဝေရေး တောင်းဆိုမှုများကို အလေးမထားကြောင်း ပြသခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ပိတ်ဆို့မှုများသည် ယခုအခါတွင် အလွန်ဆိုးရွားသည့်အခြေအနေသို့ ရောက်ရှိနေပြီဟု လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကလည်း ထုတ်ပြန်ကြေညာခဲ့သည်။

အာဏာသိမ်းစစ်ကောင်စီသည် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်မှုနှင့် နိုင်ငံတော်ကို အကြည်ညိုပျက် စေမှုတို့ကို ကျူးလွန်ခြင်းဖြင့် အရပ်သားအစိုးရ၏ကြိုးကြပ်မှုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အမျိုးသား ပြန်လည် ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တွင် ၎င်းတို့၏ပါဝင်မှုသည် ဖေဖော်ဝါရီ ၁ရက်နေ့ကတည်းကပင် အဆုံးသတ် သွားခဲ့ပြီဖြစ်ပါသည်။ အာဏာသိမ်း စစ်တပ်ကို ငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်နေသူအဖြစ် သတ်မှတ်နိုင်ခြင်း မရှိတော့ရုံမျှမက ၎င်းတို့ကို ရာဇဝတ်ကောင်များ အဖြစ်ပါ ယူဆနိုင်ပါသည်။ သို့ဖြစ်ရာ စစ်အာဏာသိမ်း အဖွဲ့နှင့် လက်မှတ်ရေးထိုး ထားသည့် နားလည်မှု စာချွန်လွှာနှင့် ကတိကဝတ်မှန်သမျှကို မြန်မာပြည်သူများ၏ တစ်ခုတည်းသော၊ အစစ်အမှန် ကိုယ်စားပြုသည့်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရက တရားမဝင်ကြောင်း သတ်မှတ်ကြေညာအပ်ပါသည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီနှင့်ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အားလုံးကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အပြည့်ပြည့်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ အခြေခံ စည်းမျဉ်းများ နှင့်အညီ လိုက်နာဆောင်ရွက်ပြီး တရားဝင်မှုနှင့် တာဝန်ခံမှုကိုအာမခံနိုင်သော တာဝန်ယူ တာဝန်ခံမှု ရှိသည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ သတ်မှတ်လမ်းကြောင်းများမှ တဆင့်သာ ဆောင်ရွက်သင့်ကြောင်း လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာနက ထပ်လောင်းအတည်ပြုပါသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ဒီမိုကရေစီတို့ကို ပြန်လည်ထိန်းသိမ်းရန်အတွက် အားထုတ် ကြိုးပမ်းမှုနှင့် ပါဝင်မှုများ အားလုံးသည် အမျိုးသားညီညွတ်ရေးအစိုးရက လိုက်နာဆောင်ရွက်ရန် ကတိပြုထားသော နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေများနှင့်အညီ ဖြစ်ရပါမည်။**

***"လူ့အခွင့်အရေးချိုးဖောက်သူ၊ အကြမ်းဖက်အုပ်စုသည် လူသားချင်းစာနာမှုဆိုင်ရာအကူအညီအတွက် ယုံကြည်စိတ်ချရသော၊ အားကိုးရသော၊ တာဝန်ခံသော မိတ်ဖက်အဖွဲ့ အစည်း မဟုတ်ပါ"***